## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပထမအကြိမ် ပြည်သူ့လွှတ်တော်ပုံမှန်အစည်းအဝေး

## ပထမနေ့မှတ်တမ်း

## ၁၃၇၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၂ ရက်

## ( ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက် )

## (တနင်္လာနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော်ပုံမှန်အစည်းအဝေး ကို နံနက် ၀၈း၅၅ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[သဘာပတိအဖြစ် ဦးဖွေးဦး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် သူရဦးရွှေမန်းတို့က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကျော်စိုး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၀၈း၅၅ ။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်က စပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန် အစည်းအဝေးကို စတင်ပါတော့မယ်။

ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၇ ၊ နည်းဥပဒေခွဲ(က) အရ ပထမအကြိမ် ပြည်သူ့လွှတ်တော်ပုံမှန်အစည်းအဝေးမှာ လွှတ်တော်ရုံးဒုတိယညွှန်ကြားရေးမှူးချုပ်၊ကျွန်တော် ဦးကျော်စိုး က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်မှာဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(က)အရ ပထမအကြိမ် ပြည်သူ့လွှတ်တော်ပုံမှန်အစည်းအဝေး ပထမနေ့ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## သဘာပတိတင်မြှောက်ခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၅ နဲ့ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆ တို့အရ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနဲ့ ဒုတိယဥက္ကဋ္ဌတို့ကို ရွေးကောက်တင်မြှောက်ပြီးသည်အထိ အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲနိုင်ဖို့အတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား သဘာပတိအဖြစ် တင်မြှောက်ရမှာ ဖြစ်ပါတယ်။

သဘာပတိတင်မြှောက်နိုင်ဖို့အတွက် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၇ အရ သဘာပတိလောင်းအမည်စာရင်းတင်သွင်းရမှာဖြစ်ပါတယ်။

သဘာပတိလောင်းအမည်စာရင်း တင်သွင်းလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များဟာ အမည်စာရင်းတင်သွင်းလွှာပုံစံကို ကျွန်တော့်ထံမှ လက်မှတ်ရေးထိုးထုတ်ယူပြီး အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

အမည်စာရင်း တင်သွင်းခံရသူဟာ သဘာပတိအဖြစ် တင်မြှောက်ခံရပါက လက်ခံဆောင်ရွက်ရန် သဘောတူကြောင်း သဘောထားရယူပြီးဖြစ်ရပါမယ်။

အမည်စာရင်း တင်သွင်းသူဟာ အမည်စာရင်း တင်သွင်းလွှာမှာ လိုအပ်တဲ့ အချက်အလက်များကို ဖြည့်သွင်းပြီး ကျွန်တော့်ထံပြန်လည်ပေးအပ်ဖို့ဖြစ်ပါတယ်။

သဘာပတိလောင်းအမည်စာရင်း တင်သွင်းလိုတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် များ အမည်စာရင်းတင်သွင်းကြဖို့ဖြစ်ပါတယ်။

[ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များသည် သဘာပတိလောင်း အမည်စာရင်း တင်သွင်းလွှာများထုတ်ယူကြပါသည်။]

**အခမ်းအနားမှူး။** ။ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။သဘာပတိလောင်း အမည်စာရင်း တင်သွင်းလွှာပုံစံ ထုတ်ယူတဲ့ အရေအတွက်ဟာ (၂)စောင်ဖြစ်ပြီး ပြန်လည် တင်သွင်းတဲ့အရေအတွက်လည်း(၂)စောင်ဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ သဘာပတိလောင်း အမည်စာရင်းတင်သွင်းရာမှာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် (၂)ဦးက ဟသ်ာတ မဲဆန္ဒနယ်မှ ဦးဌေးဦး တစ်ဦးတည်းကိုသာ သဘာပတိလောင်းအဖြစ် အမည်စာရင်း တင်သွင်းထားပါတယ်။

ဒါကြောင့် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၇ ၊ နည်းဥပဒေခွဲ(စ) အရ ဟသ်ာတ မဲဆန္ဒနယ်မှ ဦးဌေးဦး အား သဘာပတိအဖြစ် တင်မြှောက်ကြောင်း ကြေညာအပ်ပါတယ်။

(သြဘာသံများ)

[သဘာပတိအဖြစ် ဦးဌေးဦးအား မကွေးမဲဆန္ဒနယ်မှ ဦးဇော်မင်းက အဆိုတင်သွင်းပြီး၊ မြစ်ကြီးနားမဲဆန္ဒနယ်မှ ဦးသိန်းဇော်က ထောက်ခံပါသည်။ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီးဌေးနိုင်က အဆိုတင်သွင်းပြီး ၊ ဗိုလ်မှူးကြီး မြင့်ကိုကိုက ထောက်ခံပါသည်။]

**အချိန်၊ ၀၉း၀၉ ။**

## သဘာပတိနေရာယူခြင်း

**အခမ်းအနားမှူး။** ။ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ သဘာပတိ အဖြစ် တင်မြှောက်ခံရတဲ့ ဦးဌေးဦးက သဘာပတိတာဝန်ထမ်းဆောင်ဖို့အတွက် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူမှာ ဖြစ်ပါတယ်။ သဘာပတိ တာဝန်ထမ်းဆောင်ဖို့ စင်မြင့် ပေါ်သို့ ကြွရောက်ချိန်မှာ အစည်းအဝေးခန်းမ အတွင်းရှိ ပုဂ္ဂိုလ်အားလုံး မတ်တတ်ရပ် ပေးကြဖို့ ပန်ကြားအပ်ပါတယ်။

သဘာပတိကြီးစင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါရန် ပန်ကြားအပ်ပါ တယ်ခင်ဗျား။

[သဘာပတိကြီးသည် သဘာပတိအတွက်သတ်မှတ်ထားသည့်စင်မြင့်ပေါ်သို့ကြွရောက် နေရာယူပါသည်။ ]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီ။

## သဘာပတိက နှုတ်ခွန်းဆက်စကားပြောကြားခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား ။ ယခု သဘာပတိကြီးက နှုတ်ခွန်းဆက်စကားပြောကြားမှာဖြစ်ပါတယ်။ နှုတ်ခွန်းဆက်စကားပြောကြား ပေးနိုင်ပါရန် သဘာပတိကြီးအား လေးစားစွာ ပန်ကြားအပ်ပါတယ်။

**အချိန်၊ ၀၉း၁၀ ။**

**သဘာပတိ။** ။ပထမအကြိမ် ပြည်သူ့လွှတ်တော်ပုံမှန်အစည်းအဝေးကို စုံညီစွာ တက်ရောက်လာကြတဲ့ နိုင်ငံတော်ရဲ့နေရာဒေသအသီးသီးက ပြည်သူတွေကို ကိုယ်စားပြု တက်ရောက်လာကြတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်၏ချမ်းသာခြင်း ၊ ကိုယ်၏ ကျန်းမာခြင်းတို့နှင့် ပြည့်စုံကြပါစေ။ မိမိတို့နိုင်ငံတော်နဲ့ ပြည်သူများရဲ့ အကျိုးကို ဆတက်ထမ်းပိုး သယ်ပိုးဆောင်ရွက်နိုင်ကြပါစေလို့ ဦးစွာဆုတောင်းရင်း နှုတ်ခွန်းဆက်သ အပ်ပါတယ်။ ကျွန်တော်တို့အားလုံးဟာ နိုင်ငံတော်နဲ့ပြည်သူများရဲ့ တည်ငြိမ်အေးချမ်းမှုရရှိရေး၊ ဖွံ့ဖြိုးတိုးတက်မှုရရှိစေရေးတို့အတွက် ကိုယ်တိုင်ပါဝင်ဆောင်ရွက်ကြမယ်လို့ ဆန္ဒရှိကြသူများ ဖြစ်ကြတဲ့အပြင် ပြည်သူတွေကလည်း နိုင်ငံတော်နဲ့ ပြည်သူများရဲ့ အကျိုးစီးပွားအတွက် ဆောင်ရွက်ကြဖို့ ရွေးချယ်တာဝန်ပေးအပ်ခြင်း ခံကြရသူတွေ ဖြစ်ပါတယ်။ တူညီသော ရည်မှန်းချက်ကို အောင်မြင်အောင် ဝိုင်းဝန်းအကောင်အထည်ဖော် ဆောင်ရွက်ကြဖို့ စုဝေး ရောက်ရှိ နေကြပြီ ဖြစ်ပါတယ်။ နိုင်ငံတော်နဲ့ ပြည်သူများအတွက် ပထမဦးဆုံး အကြိမ်

စတင်ကျင်းပတဲ့ အစည်းအဝေးကြီးမှာ ကျွန်တော့်ကို လွှတ်တော် ကိုယ်စားလှယ်အဖြစ် လည်းကောင်း၊ သဘာပတိအဖြစ်လည်းကောင်း အသိအမှတ်ပြုရွေးချယ်တင်မြှောက် ပေးကြတဲ့ အတွက် ကိုယ်စားလှယ်တော်ကြီးများအားလုံးကို အထူးပဲကျေးဇူးတင်ရှိပါကြောင်း ကိုလည်းပဲ ပြောကြား လိုပါတယ်။ ကျွန်တော့်အနေနဲ့ ကိုယ်စားလှယ်တော်ကြီးများ ပေးအပ်တဲ့ တာဝန်ကို အထူးဝမ်းမြောက် ဂုဏ်ယူစွာနဲ့ ကိုယ်စားလှယ်တော်ကြီးများနဲ့အတူ ဆက်လက်ဆောင်ရွက် သွားမှာ ဖြစ်ပါတယ်။ ကိုယ်စားလှယ်တော်ကြီးများ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာစွာနဲ့ နိုင်ငံတော်နှင့် ပြည်သူများအတွက် လွှတ်တော်အစည်းအဝေးတိုင်းမှာ မှန်ကန်စွာ ဆွေးနွေး၊ ညှိနှိုင်း၊ သုံးသပ်၊ ဆုံးဖြတ်ကြပါစို့လို့ ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။ (သြဘာသံများ)

## သဘာပတိ ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း

**အချိန်၊ ၀၉း၁၁။**

**အခမ်းအနားမှူး။** ။ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၆ အရသဘာပတိက ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အဖြစ် လည်းကောင်း၊ သဘာပတိအဖြစ်လည်းကောင်း ကတိသစ္စာပြုပြီး လက်မှတ်ရေးထိုးဖို့ ဆောင်ရွက်ပါ့မယ်။

ကျွန်တော်က ကတိသစ္စာကိုတိုင်ပေးတဲ့အခါ ကတိသစ္စာပြုမယ့် သဘာပတိကသာ လိုက်ဆိုဖို့ဖြစ်ပါတယ်။ ယခုသဘာပတိ ကတိသစ္စာပြုပါမယ်။ အစည်းအဝေးခန်းမအတွင်းရှိ ပုဂ္ဂိုလ်အားလုံးမတ်တပ်ရပ်ပေးကြဖို့ပန်ကြားအပ်ပါတယ်။

[အခမ်းအနားမှူးကအောက်ပါအတိုင်းကတိသစ္စာကိုတိုင်ပေး၍ သဘာပတိက ကတိသစ္စာပြုပါသည်။]

" ကျွန်ုပ် ဦးရွှေမန်းသည် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အဖြစ်လည်းကောင်း ၊ သဘာပတိ အဖြစ်လည်းကောင်း ရွေးချယ်ခံရပြီးဖြစ်သဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ကို ထိန်းသိမ်း ကာကွယ်စောင့်ရှောက်ပြီး နိုင်ငံတော်၏ဥပဒေများကိုလည်း လိုက်နာပါမည်။ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်နှင့် နိုင်ငံသားများအပေါ်သစ္စာစောင့်သိရိုသေပါမည်။ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး တို့ကို ထာဝစဉ် ဦးထိပ်ပန်ဆင် ဆောင်ရွက်ပါမည်။ ထို့ပြင် ယခု ကျွန်ုပ်

ထမ်းဆောင်မည်ဖြစ်သော တာဝန်ဝတ္တရားများကို ဖြောင့်မတ်မှန်ကန်စွာ ဆောင်ရွက်မည်ဟု လေးနက်တည်ကြည်စွာ ကတိသစ္စာပြုပါသည်။"

**အခမ်းအနားမှူး**။ ။အားလုံးထိုင်နိုင်ကြပါပြီ။

**အချိန်၊ ၀၉း၁၄ ။**

**အခမ်းအနားမှူး**။ ။ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၉ ၊ နည်းဥပဒေခွဲ(က)အရ လွှတ်တော်၏ ရှေ့မှောက်တွင် သဘာပတိ လက်မှတ်ရေးထိုးတဲ့အစီအစဉ် ဆောင်ရွက်မှာဖြစ်ပါတယ်။

[သဘာပတိသည် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးပါသည်။]

**အခမ်းအနားမှူး**။ ။ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု အချိန်က စပြီး သဘာပတိကြီးက အစည်းအဝေးကိုကြီးကြပ်ကွပ်ကဲသွားမှာဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၀၉း၁၅ ။**

**သဘာပတိ**။ ။ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့ ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော်ပုံမှန်အစည်းအဝေးမှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် (၄၃၅) ဦးရှိပြီး၊ အစည်းအဝေးကို (၄၃၅) ဦးတက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ ၁၀၀ ရာခိုင်နှုန်းရှိတဲ့အတွက် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၃၉ နဲ့ ပြည်သူ့ လွှတ်တော်ဆိုင်ရာ နည်းဥပဒေ၂၁ ၊ နည်းဥပဒေခွဲ (က) နဲ့ (ခ) တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေးစတင်ကျင်းပကြောင်းကြေညာပါတယ်။(ဩဘာသံများ)

# ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း

**အချိန်၊ ၀၉း၁၆ ။**

**သဘာပတိ။** ။ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ပြည်သူ့ လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၈ ၊ ပုဒ်မခွဲ(က) အရ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက သဘာပတိရှေ့မှောက်မှာ ကတိသစ္စာပြုပြီး လက်မှတ်ရေးထိုးကြရမှာဖြစ်ပါတယ်။

ကျွန်တော်က ကတိသစ္စာကိုတိုင်ပေးတဲ့အခါ လွှတ်တော်ကိုယ်စားလှယ်များက လိုက်ဆိုဖို့ဖြစ်ပါတယ်။ ယခု လွှတ်တော်ကိုယ်စားလှယ်များ ကတိသစ္စာပြုပါ့မယ်။ အစည်းအဝေးခန်းမအတွင်းရှိပုဂ္ဂိုလ်အားလုံးမတ်တတ်ရပ်ပေးဖို့ဖြစ်ပါတယ်။

[သဘာပတိက အောက်ပါအတိုင်းကတိသစ္စာကိုတိုင်ပေး၍ လွှတ်တော်ကိုယ်စားလှယ်များက ကတိသစ္စာပြုကြပါသည်။]

" ကျွန်ုပ်------------- သည် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခံရပြီး ဖြစ်သဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်ပြီး နိုင်ငံတော်၏ ဥပဒေများကိုလည်းလိုက်နာပါမည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာစောင့်သိရိုသေပါမည်။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ထာဝစဉ်ဦးထိပ် ပန်ဆင်ဆောင်ရွက်ပါမည်။ထို့ပြင် ယခုကျွန်ုပ်ထမ်းဆောင်မည်ဖြစ်သော တာဝန်ဝတ္တရားများကို ဖြောင့်မတ်မှန်ကန်စွာဆောင်ရွက်မည်ဟု လေးနက်တည်ကြည်စွာကတိသစ္စာပြုပါသည်။ "

**သဘာပတိ။** ။အားလုံးထိုင်နိုင်ကြပါပြီ။

**သဘာပတိ။** ။ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု သဘာပတိရဲ့ ရှေ့မှောက်မှာ လွှတ်တော်ကိုယ်စားလှယ်များက လက်မှတ်ရေးထိုးတဲ့အစီအစဉ် ဆောင်ရွက်မှာဖြစ်ပါတယ်။

ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေပေးထားတဲ့ ကတိသစ္စာပြုလွှာများအပေါ်မှာ မိမိရဲ့အမည်၊ မဲဆန္ဒနယ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အမည်တို့ကို ရေးသားပြီး လက်မှတ်ရေးထိုးကြဖို့ဖြစ်ပါတယ်။ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များ အနေနဲ့

မိမိရဲ့အမည်၊ ရာထူးတို့ကို ရေးသားပြီး လက်မှတ်ရေးထိုးကြဖို့ဖြစ်ပါတယ်။ ယခု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ကတိသစ္စာပြုလွှာများအပေါ် လက်မှတ်ရေးထိုးနိုင်ကြပါပြီ။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။လက်မှတ်ရေးထိုးပြီးတဲ့ကတိသစ္စာပြုလွှာများကို လွှတ်တော်ရုံးဝန်ထမ်းများက အစည်းအဝေးခေတ္တရပ်နားချိန်မှာ ဝင်ရောက်သိမ်းယူကြမှာဖြစ်တဲ့အတွက် ကတိသစ္စာပြုလွှာများကို မိမိတို့စားပွဲပေါ်မှာ ထားခဲ့ကြရန် ဖြစ်ပါတယ်။

[လွှတ်တော်ကိုယ်စားလှယ်များ ကတိသစ္စာပြုလွှာများပေါ်တွင် လက်မှတ်ရေးထိုးကြပါသည်။]

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**သဘာပတိ။** ။ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး မတက်ရောက်နိုင်တဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၁) အရ ခွင့်ပန်ကြား လိုတဲ့ ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း မိမိအတွက် အခြားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း၊ လွှတ်တော်သို့တင်ပြ၍ အဆုံးအဖြတ် ရယူရမှာ ဖြစ်ပါတယ်။ ခွင့်ပန်ကြားလိုသူ ရှိပါက ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**သဘာပတိ။** ။ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးကိုတက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၄၃၅) ဦး ဖြစ်ပြီး၊ ခွင့်ပန်ကြားသူမရှိဘဲအားလုံးတက်ရောက်ကြပါတယ်။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂) အရ လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို ပြည်သူ့လွှတ်တော်က အတည်ပြုဖို့ သဘောတူ ပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**သဘာပတိ။** ။ပြည်သူ့လွှတ်တော်က သဘောတူတဲ့အတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အတည်ပြုမှတ်တမ်းတင်ပါတယ်။(သြဘာသံများ)

# ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ခြင်း

**သဘာပတိ။** ။ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးကို ကြို့တင်ဖြန့်ဝေထားတဲ့ အစီအစဉ်အတိုင်း ဆက်လက်ကျင်းပသွားမှာ ဖြစ်ပါတယ်။ ယခု ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များထဲက ပြည်သူ့ လွှတ်တော် ဥက္ကဋ္ဌ နှင့် ဒုတိယဥက္ကဋ္ဌ တစ်ဦးစီကို ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေ ပုဒ်မ ၁၃ အရ ရွေးကောက်တင်မြှောက်ဖို့ ဖြစ်ပါတယ်။ ပထမဦးစွာ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ တစ်ဦး ရွေးကောက်တင်မြှောက်ဖို့ ဖြစ်ပါတယ်။

ဥက္ကဋ္ဌရွေးကောက်တင်မြှောက်နိုင်ဖို့အတွက် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀ အရ ဥက္ကဋ္ဌလောင်း အမည်စာရင်း တင်သွင်းရမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌလောင်း အမည်စာရင်း တင်သွင်းလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များဟာ အမည်စာရင်း တင်သွင်းလွှာပုံစံကို အခမ်းအနားမှူးထံမှ လက်မှတ်ရေးထိုး ထုတ်ယူပြီး အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

အမည်စာရင်း တင်သွင်းခံရသူဟာ ဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခံရပါက လက်ခံဆောင်ရွက်ရန် သဘောတူကြောင်း သဘောထားရယူပြီးဖြစ်ရပါမယ်။

အမည်စာရင်း တင်သွင်းသူဟာ အမည်စာရင်း တင်သွင်းလွှာမှာ လိုအပ်တဲ့အချက်အလက်များကို ဖြည့်သွင်းပြီး အခမ်းအနားမှူးထံ ပြန်လည်ပေးအပ်ဖို့ ဖြစ်ပါတယ်။

ဥက္ကဋ္ဌလောင်း အမည်စာရင်း တင်သွင်းလိုတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြပါပြီ။

[ဥက္ကဋ္ဌလောင်းအမည်စာရင်းကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက တင်သွင်းကြပါသည်။]

**သဘာပတိ။** ။ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဥက္ကဋ္ဌလောင်း အမည်စာရင်း တင်သွင်းလွှာပုံစံ ထုတ်ယူတဲ့ အရေအတွက်ဟာ (၂)စောင်ဖြစ်ပြီး၊ ပြန်လည် တင်သွင်းတဲ့ အရေအတွက်ဟာ (၂)စောင် ဖြစ်ပါတယ်။

**သဘာပတိ။** ။ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဥက္ကဋ္ဌလောင်းအဖြစ် အမည်စာရင်းတင်သွင်းရာမှာ ဇေယျာသီရိမဲဆန္ဒနယ်မှ သူရဦးရွှေမန်းကို ဇမ္ဗူသီရိ မဲဆန္ဒနယ်မှ ဦးသိန်းစိန်က အမည်စာရင်းတင်သွင်းပြီး၊ တောင်သာ မဲဆန္ဒနယ်မှ ဦးအောင်သောင်းက ထောက်ခံထား ပါတယ်။ ဒါ့အပြင် ပန်းတနော်မဲဆန္ဒနယ်မှ ဦးမန်းမောင်မောင်ဉာဏ် ကို

မော်လိုက် မဲဆန္ဒနယ်မှ ဦးသောင်းက အမည်စာရင်းတင်သွင်းပြီး၊ ဖောင်းပြင် မဲဆန္ဒနယ်မှ ဦးမောင်ဦးက ထောက်ခံထားပါတယ်။

**သဘာပတိ**။ ။ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဥက္ကဋ္ဌလောင်းအဖြစ် အမည်စာရင်း တင်သွင်းခံရသူများကို အက္ခရာစဉ်အလိုက် ကြေညာပါ့မယ်-

ဦးမန်းမောင်မောင်ဉာဏ် ပန်းတနော် မဲဆန္ဒနယ်

သူရဦးရွှေမန်း ဇေယျာသီရိမဲဆန္ဒနယ် တို့ဖြစ်ကြပါတယ်။

ဥက္ကဋ္ဌလောင်းအဖြစ် အမည်စာရင်းတင်သွင်းခံရသူ တစ်ဦးထက်ပိုတဲ့အတွက် ဥက္ကဋ္ဌ တစ်ဦးတင်မြှောက်နိုင်ရန် ဆန္ဒမဲလက်မှတ်ဖြင့် လျှို့ဝှက်ဆန္ဒမဲပေး၍ ရွေးကောက် တင်မြှောက် မှာ ဖြစ်ပါတယ်။

**သဘာပတိ**။ ။ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဆန္ဒမဲလက်မှတ် အမည် စာရင်း ပြုစုရမှာ ဖြစ်တဲ့အတွက် အစည်းအဝေးကို ၃၀ မိနစ်ခန့် ခေတ္တရပ်နားပါ့မယ်။

**အချိန်၊ ၀၉း၄၃။**

**အခမ်းအနားမှူး**။ ။ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သဘာပတိကြီး ပြန်လည်ထွက်ခွာမှာ ဖြစ်ပါတယ်။ သဘာပတိကြီး ပြန်လည်ထွက်ခွာချိန်မှာ အားလုံး မတ်တတ်ရပ် ပေးကြဖို့ ဖြစ်ပါတယ်။ သဘာပတိကြီး ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

အစည်းအဝေး ပြန်လည် မစတင်မီမှာ ခေါင်းလောင်းသံရှည်တီးပြီးတော့ အချက် ပေးမည် ဖြစ်ကြောင်း ကြေညာအပ်ပါတယ် ခင်ဗျား။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို မိနစ် (၃၀) ခန့် ရပ်နားပါသည်။]

**အချိန်၊ ၁၀း၁၈။**

**အခမ်းအနားမှူး**။ ။ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်က စပြီး ပထမအကြိမ် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေး ဆက်လက်ကျင်းပမှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။သဘာပတိကြီး ကြွရောက်လာပါပြီ ခင်ဗျား။

[သဘာပတိသည် သဘာပတိအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။အားလုံးထိုင်နိုင်ကြပါပြီ။

**အချိန်၊ ၁၀း၂၀။**

**သဘာပတိ။** ။ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဆန္ဒမဲ ပေးပွဲမစတင်မီမှာ ဆန္ဒမဲပေးပုံပေးနည်းကို ရှင်းလင်းတင်ပြပါ့မယ်။ ဥက္ကဋ္ဌတင်မြှောက်ဖို့ ဆန္ဒမဲပေးပွဲကို ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များရဲ့ ရှေ့မှောက်မှာ ပြုလုပ်မှာ ဖြစ်ပါတယ်။ လွှတ်တော် ကိုယ်စားလှယ်များအနေနဲ့ ဆန္ဒမဲလက်မှတ်များကို သတ်မှတ်ထားတဲ့နေရာများမှာ ထုတ်ယူပြီး လျှို့ဝှက်ဆန္ဒပြုရန်နေရာများမှာ ဆန္ဒပြုနိုင်ပါတယ်။ ဆန္ဒပြုရာမှာ ဆန္ဒမဲလက်မှတ်၌ ထောက်ခံသူအား မင်ဖြင့်အမှန်(Â)အမှတ်အသား၊ ကန့်ကွက်သူအားမင်ဖြင့် ကြက်ခြေ(â) အမှတ်အသား အထင်အရှားပြုရမှာ ဖြစ်ပါတယ်။ ဆန္ဒမဲလက်မှတ်ပေါ်မှာ မှားယွင်း ရေးသား မိပါက ယင်းဆန္ဒမဲ လက်မှတ်ကို လွှတ်တော်ကိုယ်စားလှယ်များ ရှေ့မှောက်မှာ ဖျက်ဆီးပစ်၍ ဆန္ဒမဲလက်မှတ် အသစ်လဲလှယ်ပေးဖို့ တောင်းခံနိုင်ပါတယ်။

**သဘာပတိ။** ။ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဆန္ဒမဲပေးပွဲ မစတင်မီ ဆန္ဒမဲပေးပွဲမှာ အသုံးပြုမယ့် ဆန္ဒမဲလက်မှတ်များကို လွှတ်တော်ကိုယ်စားလှယ်များရဲ့ ရှေ့မှောက်မှာ တာဝန်ပေးထားတဲ့ လွှတ်တော်ရုံး ညွှန်ကြားရေးမှူးက ရေတွက်ပြီး ကျွန်တော့်ထံ ဆက်လက် တင်ပြမှာ ဖြစ်ပါတယ်။ အခုဆန္ဒမဲများကို ရေတွက်မှာ ဖြစ်ပါတယ်။

[ ဆန္ဒမဲပေးရာတွင် အသုံးပြုသည့် ဆန္ဒမဲလက်မှတ်များကို ရေတွက်ပါသည်။]

**အချိန်၊ ၁၀း၂၆။**

**သဘာပတိ။** ။ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်ရုံး ညွှန်ကြားရေးမှူး ယူဆောင်လာခဲ့တဲ့ ဆန္ဒမဲလက်မှတ် အရေအတွက်မှာ ၅၀၀ ရှက် ဖြစ်ပါတယ်။ ဥက္ကဋ္ဌတစ်ဦးကို ဆန္ဒပြုရွေးချယ်ဖို့ ဆန္ဒမဲလက်မှတ်များကို အစည်းအဝေးခန်းမရဲ့ သတ်မှတ်ထားတဲ့ နေရာများမှာ လွှတ်တော်ရုံးဝန်ထမ်းအဖွဲ့ထံမှ လက်ခံရရှိကြောင်း လက်မှတ်ရေးထိုးရယူပြီး၊ လျှို့ဝှက်ဆန္ဒမဲပေးရာမှာ လွတ်လပ်စွာဆန္ဒပြုနိုင်ရန် အစည်းအဝေးခန်းမအတွင်း သီးသန့်စီစဉ်ထားတဲ့နေရာမှာဆန္ဒပြုပြီး ဆန္ဒမဲလက်မှတ်များကို ဆန္ဒမဲပုံးအတွင်းထည့်ရန် ဖြစ်ပါတယ်။ ဆန္ဒမဲပေးရာတွင် ရှင်းလင်းလွယ်ကူစေရန်အတွက် အတန်းလိုက် ဖိတ်ခေါ်ပေးမှာ ဖြစ်ပါတယ်။

ယခုကိုယ်စားလှယ်များရဲ့ ထိုင်ခုံအကန့်အလိုက် ရှေ့တည့်တည့်မှာရှိတဲ့စားပွဲမှာ ဆန္ဒမဲလက်မှတ်များကို တစ်ဦးချင်း လက်မှတ်ရေးထိုးထုတ်ယူပြီး သတ်မှတ်ပေးထားတဲ့ နေရာများမှာ ဆန္ဒပြုနိုင်ပါတယ်။

ယခု A တန်းမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ဆန္ဒမဲလက်မှတ်ထုတ်ယူ၍ ဆန္ဒမဲပေးနိုင်ကြပါပြီ။

[လွှတ်တော်ကိုယ်စားလှယ်များ ဆန္ဒမဲပေးကြပါသည်။]

**သဘာပတိ။** ။ ယခု B တန်းမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ဆန္ဒမဲလက်မှတ်ထုတ်ယူ၍ ဆန္ဒမဲပေးနိုင်ကြပါပြီ။

[လွှတ်တော်ကိုယ်စားလှယ်များ ဆန္ဒမဲပေးကြပါသည်။]

**သဘာပတိ။** ။ ယခု C တန်းမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ဆန္ဒမဲလက်မှတ်ထုတ်ယူ၍ ဆန္ဒမဲပေးနိုင်ကြပါပြီ။

[ လွှတ်တော်ကိုယ်စားလှယ်များ ဆန္ဒမဲပေးကြပါသည်။]

**သဘာပတိ။** ။ ယခု D တန်းမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ဆန္ဒမဲလက်မှတ်ထုတ်ယူ၍ ဆန္ဒမဲပေးနိုင်ကြပါပြီ။

[ လွှတ်တော်ကိုယ်စားလှယ်များ ဆန္ဒမဲပေးကြပါသည်။]

**သဘာပတိ။** ။ ယခု E တန်းမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ဆန္ဒမဲလက်မှတ်ထုတ်ယူ၍ ဆန္ဒမဲပေးနိုင်ကြပါပြီ။

[ လွှတ်တော်ကိုယ်စားလှယ်များ ဆန္ဒမဲပေးကြပါသည်။]

**သဘာပတိ။** ။ ယခု F တန်းမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ဆန္ဒမဲလက်မှတ်ထုတ်ယူ၍ ဆန္ဒမဲပေးနိုင်ကြပါပြီ။

[ လွှတ်တော်ကိုယ်စားလှယ်များ ဆန္ဒမဲပေးကြပါသည်။]

**သဘာပတိ။** ။ ယခု G တန်းမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ဆန္ဒမဲလက်မှတ်ထုတ်ယူ၍ ဆန္ဒမဲပေးနိုင်ကြပါပြီ။

[ လွှတ်တော်ကိုယ်စားလှယ်များ ဆန္ဒမဲပေးကြပါသည်။]

**သဘာပတိ။** ။ ယခု H နှင့် I တန်းမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ဆန္ဒမဲလက်မှတ်ထုတ်ယူ၍ ဆန္ဒမဲပေးနိုင်ကြပါပြီ။

[ လွှတ်တော်ကိုယ်စားလှယ်များ ဆန္ဒမဲပေးကြပါသည်။]

**အချိန်၊ ၁၀း၅၀။**

**သဘာပတိ။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုဆန္ဒမဲများကို ရေတွက်တော့မှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌလောင်းတစ်ဦးစီမှာ အဆိုပြုသူ (၁)ဦး၊ ထောက်ခံသူ (၁)ဦးစီ ရှိပါတယ်။ ဒါကြောင့် မဲများရေတွက်တဲ့နေရာမှာ ဥက္ကဋ္ဌလောင်း (၂)ဦးအတွက် အဆိုပြုထားတဲ့ ပုဂ္ဂိုလ်(၂)ဦး၊ ထောက်ခံတဲ့ပုဂ္ဂိုလ်(၂)ဦးက မဲရေတွက်ရာနေရာကို လာရောက်ဖို့ ဖိတ်ခေါ်ပါတယ်။

[ဆန္ဒမဲလက်မှတ်များရေတွက်ကြပါသည်။]

**အချိန်၊ ၁၁း၃၀။**

**သဘာပတိ။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဆန္ဒမဲများ ရေတွက်ရာမှာ ပယ်မဲအဖြစ်၊ ဆုံးဖြတ်သတ်မှတ်တဲ့ ဆန္ဒမဲလက်မှတ်များကတော့ တစ်ဦးထက်ပို၍ ထောက်ခံဆန္ဒပြုထားတဲ့ ဆန္ဒမဲလက်မှတ်အရေအတွက် (၁)မဲ၊ မည်သူတစ်ဦး တစ်ယောက်ကိုမျှ ဆန္ဒပြု ထားခြင်းမရှိသော ဆန္ဒမဲလက်မှတ်အရေအတွက်(၁)မဲ၊ မည်သူ့ကို ဆန္ဒပြုထားကြောင်း မသိနိုင်တဲ့ ဆန္ဒမဲလက်မှတ်အရေအတွက်(၂၆)မဲ၊ ပယ်မဲအရေအတွက် စုစုပေါင်း(၂၈)မဲ တိတိ ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥက္ကဋ္ဌလောင်းများအား ဆန္ဒမဲပေးလို့ ပြီးပါပြီ။ ဥက္ကဋ္ဌလောင်း တစ်ဦးချင်းရရှိတဲ့ ထောက်ခံဆန္ဒမဲအများ၊ အနည်းအလိုက် အမည်စာရင်းကို ကြေညာပါ့မယ်။ ဇေယျာသီရိမဲဆန္ဒနယ်မှ သူရဦးရွှေမန်းရရှိတဲ့ ထောက်ခံဆန္ဒမဲ (၃၇၆)မဲ၊ ပန်းတနော်မဲဆန္ဒနယ်မှ ဦးမန်းမောင်မောင်ဉာဏ် ရရှိတဲ့ထောက်ခံဆန္ဒမဲ (၃၀)မဲတို့ ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဥက္ကဋ္ဌလောင်းများအနက် ဇေယျာသီရိမဲဆန္ဒနယ်မှ သူရဦးရွှေမန်းက ထောက်ခံဆန္ဒမဲအများဆုံး ရရှိတဲ့အတွက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

# ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်ခြင်း

**အချိန်၊ ၁၁း၃၇။**

**သဘာပတိ။** ။ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များထဲက ဥက္ကဋ္ဌတစ်ဦးကို ရွေးကောက်တင်မြှောက်ပြီး ဖြစ်တဲ့အတွက် ဒုတိယဥက္ကဋ္ဌတစ်ဦးကို ဆက်လက်ရွေးကောက်တင်မြှောက်ဖို့ ဖြစ်ပါတယ်။ ဒုတိယဥက္ကဋ္ဌ ရွေးကောက်တင်မြှောက်နိုင်ဖို့အတွက် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၀ အရ ဒုတိယဥက္ကဋ္ဌလောင်းအမည်စာရင်းတင်သွင်းရမှာ ဖြစ်ပါတယ်။ ဒုတိယဥက္ကဋ္ဌလောင်းအမည်စာရင်း တင်သွင်းလိုတဲ့လွှတ်တော်ကိုယ်စားလှယ်များဟာ အမည်စာရင်း တင်သွင်းလွှာပုံစံကို အခမ်းအနားမှူးထံမှ လက်မှတ်ရေးထိုးထုတ်ယူပြီး အမည်စာရင်း တင်သွင်းနိုင်ပါတယ်။ အမည်စာရင်းတင်သွင်းခံရသူဟာ ဒုတိယဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခံရပါက လက်ခံဆောင်ရွက်ရန် သဘောတူကြောင်း သဘောထားရယူပြီး ဖြစ်ရပါမယ်။ အမည်စာရင်းတင်သွင်းသူဟာ အမည်စာရင်းတင်သွင်းလွှာမှာ လိုအပ်တဲ့အချက်အလက်များကို ဖြည့်သွင်းပြီး၊ အခမ်းအနားမှူးထံ ပြန်လည်ပေးအပ်ဖို့ ဖြစ်ပါတယ်။ ဒုတိယဥက္ကဋ္ဌလောင်း အမည်စာရင်းတင်သွင်းလိုတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းကြဖို့ဖြစ်ပါတယ်။

[ ဒုတိယဥက္ကဋ္ဌလောင်း အမည်စာရင်းကို ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက တင်သွင်းကြပါသည်။]

**အချိန်၊ ၁၁း၅၅။**

**သဘာပတိ။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒုတိယဥက္ကဋ္ဌလောင်း အမည်စာရင်း တင်သွင်းလွှာပုံစံ ထုတ်ယူတဲ့အရေအတွက်ဟာ (၄)စောင်ဖြစ်ပြီး ပြန်လည် တင်သွင်းတဲ့အရေအတွက်ဟာ (၄)စောင် ဖြစ်ပါတယ်။

**သဘာပတိ။** ။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒုတိယဥက္ကဋ္ဌလောင်းအဖြစ် အမည်စာရင်းတင်သွင်းရာမှာ ဒဂုံမဲဆန္ဒနယ်မှ ဦးနန္ဒကျော်စွာကို ပုလဲမဲဆန္ဒနယ်မှ ဦးကျော်ဆန်းက အမည်စာရင်း တင်သွင်းပြီး၊ ကျောက်ဆည်မဲဆန္ဒနယ်မှ ဦးသောင်းက ထောက်ခံထားပါတယ်။

ဒ့ါအပြင် ကျောက်မဲ မဲဆန္ဒနယ်မှ ဦးနယ်လ်ဆင်(ခ)ဦးဆောင်ဆီကို နမ့်ခမ်းမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းကျော်အုန်းက အမည်စာရင်း တင်သွင်းပြီး၊ လင်းခေးမဲဆန္ဒနယ်မှ ဦးစိုင်းလှကျော်က ထောက်ခံထားပါတယ်။

ဒ့ါအပြင် ကျောက်မဲ မဲဆန္ဒနယ်မှ ဦးနယ်လ်ဆင်(ခ)ဦးဆောင်ဆီကို ပုဏ္ဏားကျွန်းမဲဆန္ဒနယ်မှ ဦးထွန်းအောင်ကျော်က အမည်စာရင်းတင်သွင်းပြီး၊ ပေါက်တောမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဇံက ထောက်ခံထားပါတယ်။

ဒ့ါအပြင် ပန်းတနော်မဲဆန္ဒနယ်မှ ဦးမန်းမောင်မောင်ဉာဏ်ကို မိုးမိတ်မဲဆန္ဒနယ်မှ ဦးကျော်မြင့်(ခ)ဦးဖိုးတုတ်က အမည်စာရင်းတင်သွင်းပြီး နောင်ချိုမဲဆန္ဒနယ်မှ ဦးကျော်မြင့်က ထောက်ခံထားပါတယ်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒုတိယဥက္ကဋ္ဌလောင်း အမည်စာရင်း တင်သွင်းခြင်းခံရသူများကို အက္ခရာစဉ်အလိုက် ကြေညာပါ့မယ်-

| | |
|---|---|
| ဦးနန္ဒကျော်စွာ | ဒဂုံမဲဆန္ဒနယ် |
| ဦးနယ်လ်ဆင်(ခ)ဦးဆောင်ဆီ | ကျောက်မဲမဲဆန္ဒနယ် နဲ့ |
| ဦးမန်းမောင်မောင်ဉာဏ် | ပန်းတနော်မဲဆန္ဒနယ်တို့ ဖြစ်ပါတယ်။ |

ဒုတိယဥက္ကဋ္ဌလောင်းအဖြစ် အမည်စာရင်းတင်သွင်းခံရသူ တစ်ဦးထက်ပိုတဲ့အတွက် ဒုတိယ ဥက္ကဋ္ဌတစ်ဦး တင်မြှောက်နိုင်ရန် ဆန္ဒမဲလက်မှတ်ဖြင့် လျှို့ဝှက်ဆန္ဒမဲပေး၍ ရွေးကောက် တင်မြှောက်မှာ ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဆန္ဒမဲလက်မှတ် အမည်စာရင်းပြုစုမှာ ဖြစ်တဲ့အတွက် အစည်းအဝေးကို မိနစ်(၃၀)ခန့် ခေတ္တရပ်နားမှာ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၅၈။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ သဘာပတိကြီး ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ နေ့လယ်စာ သုံးဆောင်ဖို့အတွက် အစည်းအဝေးကို (၁)နာရီခန့် ခေတ္တရပ်နားမှာ ဖြစ်ပါတယ်ခင်ဗျား။

[ပြည်သူ့လွှတ်တော် အစည်းအဝေးကို ၁၁း၅၈ နာရီ အချိန်တွင် ရပ်နားပြီး ၁၂း၅၈ နာရီ အချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၂း ၅၈ ။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးကို ဆက်လက်ကျင်းပမှာ ဖြစ်ပါတယ်။ သဘာပတိကြီး ကြွရောက်လာပါပြီ ခင်ဗျား။

[သဘာပတိသည် သဘာပတိအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**သဘာပတိ**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲ ပေးရာမှာ ဥက္ကဋ္ဌရွေးကောက်တင်မြှောက်စဉ်က ဆောင်ရွက်ခဲ့တဲ့ နည်းလမ်းအတိုင်း ဆောင်ရွက် ရမှာ ဖြစ်ပါတယ်။ ဆန္ဒမဲပေးပွဲမစတင်မီမှာ ဆန္ဒမဲပေးပုံပေးနည်းကို ရှင်းလင်းတင်ပြပါ့မယ်။

ဒုတိယဥက္ကဋ္ဌ တင်မြှောက်ဖို့ ဆန္ဒမဲပေးပွဲကို ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များရဲ့ ရှေ့မှောက်မှာပြုလုပ်မှာ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ဆန္ဒမဲလက်မှတ်များကို သတ်မှတ်ထားတဲ့ နေရာများမှာထုတ်ယူပြီး လျှို့ဝှက်ဆန္ဒပြုရန်နေရာများမှာ ဆန္ဒပြုနိုင်ပါတယ်။ ဆန္ဒပြုရာမှာ ဆန္ဒမဲလက်မှတ်၌ ထောက်ခံသူအား မင်ဖြင့်အမှန်(Â)အမှတ်အသား၊ ကန့်ကွက်သူ အား မင်ဖြင့်ကြက်ခြေ(â)အမှတ်အသား အထင်အရှားပြုရမှာ ဖြစ်ပါတယ်။ ဆန္ဒမဲလက်မှတ်ပေါ်မှာ မှားယွင်းရေးသားမိပါက ယင်းဆန္ဒမဲလက်မှတ်ကို လွှတ်တော်ကိုယ်စားလှယ်များရှေ့မှောက်မှာ ဖျက်ဆီးပစ်၍ ဆန္ဒမဲလက်မှတ် အသစ်လဲလှယ်ပေးဖို့ တောင်းခံနိုင်ပါတယ်။

**သဘာပတိ**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဆန္ဒမဲပေးပွဲ မစတင်မီ ဆန္ဒမဲပေးပွဲမှာ အသုံးပြုမယ့် ဆန္ဒမဲလက်မှတ်များကို လွှတ်တော်ကိုယ်စားလှယ်များရဲ့ ရှေ့မှောက် မှာ တာဝန်ပေးထားတဲ့ လွှတ်တော်ရုံး ညွှန်ကြားရေးမှူးက ရေတွက်ပြီး ကျွန်တော့်ထံ ဆက်လက် တင်ပြမှာ ဖြစ်ပါတယ်။ အခုဆန္ဒမဲများကို ရေတွက်မှာ ဖြစ်ပါတယ်။

[ဆန္ဒမဲပေးရာတွင် အသုံးပြုမည့် ဆန္ဒမဲလက်မှတ်များကို ရေတွက်ပါသည်။]

**အချိန်၊ ၁၃း၀၃။**

**သဘာပတိ**။ ။ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်ရုံး ညွှန်ကြားရေးမှူး ယူဆောင်လာတဲ့ ဆန္ဒမဲလက်မှတ် အရေအတွက်မှာ ၅၀၀ ရွက် ဖြစ်ပါတယ်။ ဒုတိယဥက္ကဋ္ဌတစ်ဦးကို ဆန္ဒပြုရွေးချယ်ဖို့ ဆန္ဒမဲလက်မှတ်များကို အစည်းအဝေးခန်းမရဲ့

သတ်မှတ် ထားတဲ့ နေရာများမှာ လွှတ်တော်ရုံးဝန်ထမ်းအဖွဲ့ထံမှ လက်ခံရရှိကြောင်း လက်မှတ်ရေးထိုးရယူရမှာ ဖြစ်ပါတယ်။ လျှို့ဝှက်ဆန္ဒမဲပေးရာမှာ လွတ်လပ်စွာဆန္ဒပြုနိုင်ရန် အစည်းအဝေးခန်းမအတွင်း သီးသန့်စီစဥ်ထားတဲ့နေရာမှာ ဆန္ဒပြုပြီး ဆန္ဒမဲလက်မှတ်များကို ဆန္ဒမဲပုံးအတွင်း ထည့်ရန် ဖြစ်ပါတယ်။ ဆန္ဒမဲပေးရာတွင် ရှင်းလင်းလွယ်ကူစေရန်အတွက် အတန်းလိုက် ဖိတ်ခေါ်ပေးမှာ ဖြစ်ပါတယ်။

ယခုကိုယ်စားလှယ်များရဲ့ ထိုင်ခုံအကန့်အလိုက် ရှေ့တည့်တည့်မှာရှိတဲ့စားပွဲမှာ ဆန္ဒမဲလက်မှတ်များကို တစ်ဦးချင်း လက်မှတ်ရေးထိုးထုတ်ယူပြီး သတ်မှတ်ပေးထားတဲ့ နေရာများမှာ ဆန္ဒပြုနိုင်ပါတယ်။

ဆန္ဒပြုတဲ့နေရာမှာ ကိုယ်ဆန္ဒပြုတဲ့ပုဂ္ဂိုလ်ကို အမှန်ပေးပြီး၊ ကိုယ်ဆန္ဒမပြုလိုတဲ့ ပုဂ္ဂိုလ်ကို အမှားပေးပြီးတော့မှ အတည်ဖြစ်ပါတယ်။ ကိုယ်ဆန္ဒပြုတဲ့ပုဂ္ဂိုလ်ကိုပဲ အမှန်ပေးပြီး ကျန်တဲ့အမှား တွေ မခြစ်ဘူးဆိုရင်လည်း ပယ်မဲဖြစ်ပါတယ်။ ဒါကြောင့် ဆန္ဒပြုခြင်းနှင့်ပတ်သက်လို့လည်းပဲ ကိုယ်စားလှယ်တော်ကြီးများ သတိထားပြီး ဆောင်ရွက်ပေးဖို့ ကျွန်တော့်အနေနဲ့ ပြောကြားလို ပါတယ်။

ယခု A တန်းမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ဆန္ဒမဲလက်မှတ်ထုတ်ယူ၍ ဆန္ဒမဲပေးနိုင်ကြပါပြီ။

[ လွှတ်တော်ကိုယ်စားလှယ်များ ဆန္ဒမဲပေးကြပါသည်။]

**သဘာပတိ။** ။ ယခု B တန်းမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ဆန္ဒမဲလက်မှတ်ထုတ်ယူ၍ ဆန္ဒမဲပေးနိုင်ကြပါပြီ။

[ လွှတ်တော်ကိုယ်စားလှယ်များ ဆန္ဒမဲပေးကြပါသည်။]

**သဘာပတိ။** ။ ယခု C တန်းမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ဆန္ဒမဲလက်မှတ်ထုတ်ယူ၍ ဆန္ဒမဲပေးနိုင်ကြပါပြီ။

[ လွှတ်တော်ကိုယ်စားလှယ်များ ဆန္ဒမဲပေးကြပါသည်။]

**သဘာပတိ။** ။ ယခု D တန်းမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ဆန္ဒမဲလက်မှတ်ထုတ်ယူ၍ ဆန္ဒမဲပေးနိုင်ကြပါပြီ။

[ လွှတ်တော်ကိုယ်စားလှယ်များ ဆန္ဒမဲပေးကြပါသည်။]

**သဘာပတိ။** ။ ယခု E တန်းမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ဆန္ဒမဲလက်မှတ်ထုတ်ယူ၍ ဆန္ဒမဲပေးနိုင်ကြပါပြီ။

[လွှတ်တော်ကိုယ်စားလှယ်များ ဆန္ဒမဲပေးကြပါသည်။]

**သဘာပတိ။** ။ ယခု F တန်းမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ဆန္ဒမဲလက်မှတ် ထုတ်ယူ၍ ဆန္ဒမဲပေးနိုင်ကြပါပြီ။

[ လွှတ်တော်ကိုယ်စားလှယ်များ ဆန္ဒမဲပေးကြပါသည်။]

**သဘာပတိ။** ။ ယခု G တန်းမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ဆန္ဒမဲလက်မှတ် ထုတ်ယူ၍ ဆန္ဒမဲပေးနိုင်ကြပါပြီ။

[ လွှတ်တော်ကိုယ်စားလှယ်များ ဆန္ဒမဲပေးကြပါသည်။]

**သဘာပတိ။** ။ ယခု H နှင့် I တန်းမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ဆန္ဒမဲလက်မှတ် ထုတ်ယူ၍ ဆန္ဒမဲပေးနိုင်ကြပါပြီ။

[ လွှတ်တော်ကိုယ်စားလှယ်များ ဆန္ဒမဲပေးကြပါသည်။]

**အချိန်၊ ၁၃း၂၈။**

**သဘာပတိ။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဆန္ဒမဲများကို ရေတွက်မှာ ဖြစ်ပါတယ်။ ဒုတိယဥက္ကဋ္ဌလောင်းအဖြစ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များထဲက (၃)ဦး၏ အမည်စာရင်းကို တင်သွင်းခဲ့ပါတယ်။ သို့သော်လည်း ဒုတိယဥက္ကဋ္ဌလောင်းအဖြစ် အမည်စာရင်းတင်သွင်းလွှာ ထုတ်ယူတဲ့ အရေအတွက်ဟာ (၄)စောင် ဖြစ်ပါတယ်။ ပြန်လည် တင်သွင်းတာဟာလည်း(၄)စောင် ဖြစ်ပါတယ်။ ဒါ့ကြောင့် မဲရေတွက်ရာမှာ အဆိုပြုလွှာတင်သွင်းသူ (၄) ဦး၊ ထောက်ခံသူ(၄)ဦးတို့ကို ဆန္ဒမဲလက်မှတ်များ ရေတွက်ရာနေရာသို့ ဖိတ်ခေါ်ပါတယ်။

[ဆန္ဒမဲလက်မှတ်များ ရေတွက်ကြပါသည်။]

**သဘာပတိ။** ။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဆန္ဒမဲများရေတွက် ရာမှာ ပယ်မဲအဖြစ် ဆုံးဖြတ်သတ်မှတ်တဲ့ ဆန္ဒမဲလက်မှတ်များကတော့ တစ်ဦးထက်ပို၍ ထောက်ခံ ဆန္ဒပြုထားတဲ့ ဆန္ဒမဲလက်မှတ်အရေအတွက်(၁)မဲ၊ မည်သူတစ်ဦးတစ်ယောက်ကိုမျှဆန္ဒပြုထားခြင်း မရှိသော ဆန္ဒမဲလက်မှတ်အရေအတွက်(၁)မဲ၊ မည်သူ့ကို ဆန္ဒပြုထားကြောင်း မသိနိုင်သည့် ဆန္ဒမဲ လက်မှတ် အရေအတွက်(၅)မဲ၊ ပယ်မဲအရေအတွက် စုစုပေါင်း(၇)မဲ တိတိ ဖြစ်ပါတယ်။

**အချိန်၊ ၁၄း၀၄။**

**သဘာပတိ**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒုတိယဥက္ကဋ္ဌလောင်းများအား ဆန္ဒမဲပေးလို့ ပြီးပါပြီ။ ဒုတိယဥက္ကဋ္ဌလောင်း တစ်ဦးချင်းရရှိတဲ့ ထောက်ခံဆန္ဒမဲအများ၊ အနည်းအလိုက် အမည်စာရင်းကို ကြေညာပါ့မယ်။ ဒဂုံမဲဆန္ဒနယ်မှ ဦးနန္ဒကျော်စွာရရှိတဲ့ ထောက်ခံဆန္ဒမဲ(၃၆၈)မဲ၊ ကျောက်မဲ မဲဆန္ဒနယ်မှ ဦးနယ်လ်ဆင်(ခ)ဦးဆောင်ဆီရရှိတဲ့ ထောက်ခံဆန္ဒမဲ(၄၅)မဲ၊ ပန်းတနော်မဲဆန္ဒနယ်မှ ဦးမန်းမောင်မောင်ဉာဏ် ရရှိတဲ့ ထောက်ခံဆန္ဒမဲ(၁၅)မဲ တို့ ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒုတိယဥက္ကဋ္ဌလောင်း များအနက် ဒဂုံမဲဆန္ဒနယ်မှ ဦးနန္ဒကျော်စွာက ထောက်ခံဆန္ဒမဲ အများဆုံး ရရှိတဲ့အတွက် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း

**အချိန်၊ ၁၄း၀၅။**

**သဘာပတိ**။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့ကို ရွေးကောက်တင်မြှောက်ပြီး ဖြစ်ပါတယ်။ ဆက်လက်ပြီး ရွေးကောက်တင်မြှောက်ခံရတဲ့ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၄ အရ သဘာပတိရှေ့မှောက်မှာ ဥက္ကဋ္ဌ နှင့် ဒုတိယဥက္ကဋ္ဌအဖြစ် ကတိသစ္စာပြု၍ လက်မှတ်ရေးထိုးရမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့အား စင်မြင့်ပေါ်သို့ ကြွရောက်ပါရန် ဖိတ်ခေါ်ပါတယ်။ ယခုပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ကတိသစ္စာပြုဖို့ ဖြစ်ပါတယ်။ ကတိသစ္စာကို ကျွန်တော်က တိုင်ပေးတဲ့အခါ လွှတ်တော်ဥက္ကဋ္ဌက လိုက်ဆိုဖို့ ဖြစ်ပါတယ်။ အစည်းအဝေးခန်းမအတွင်းရှိ ပုဂ္ဂိုလ်အားလုံး မတ်တတ်ရပ်ပေးကြဖို့ ပန်ကြား အပ်ပါတယ်။

[သဘာပတိက အောက်ပါအတိုင်း ကတိသစ္စာကိုတိုင်ပေး၍ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ကတိသစ္စာပြုပါသည်။]

“ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခံရပြီး ဖြစ်သော ကျွန်ုပ် သူရဦးရွှေမန်းသည် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေကို ထိန်းသိမ်း ကာကွယ် စောင့်ရှောက်ပြီး နိုင်ငံတော်၏ ဥပဒေများကိုလည်း လိုက်နာပါမည်။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ထာဝစဥ် ဦးထိပ်ပန်ဆင် ဆောင်ရွက်ပါမည်။ ကျွန်ုပ် ထမ်းဆောင်ရမည် ဖြစ်သော တာဝန် ဝတ္တရားများကို ဖြောင့်မတ် မှန်ကန်စွာဖြင့် ကိုယ်စွမ်းရှိသရွေ့၊ ဉာဏ်စွမ်းရှိသရွေ့ ထမ်းဆောင် မည်ဖြစ်ကြောင်း လေးနက်တည်ကြည်စွာ ကြေညာ၍ ကတိသစ္စာပြုပါသည်။”

**အချိန်၊ ၁၄း ၀၈။**

**သဘာပတိ။** ။ဆက်လက်ပြီး ဒုတိယဥက္ကဋ္ဌ ကတိသစ္စာပြုဖို့ ဖြစ်ပါတယ်။

[သဘာပတိက အောက်ပါအတိုင်း ကတိသစ္စာကိုတိုင်ပေး၍ ပြည်သူ့လွှတ်တော် ဒုတိယ ဥက္ကဋ္ဌက ကတိသစ္စာပြုပါသည်။]

“ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခံရပြီးဖြစ်သော ကျွန်ုပ် ဦးနန္ဒကျော်စွာသည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်ပြီး နိုင်ငံတော်၏ ဥပဒေများကိုလည်း လိုက်နာပါမည်။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ထာဝစဥ် ဦးထိပ်ပန်ဆင်ဆောင်ရွက်ပါမည်။ ကျွန်ုပ် ထမ်းဆောင်ရမည်ဖြစ်သော တာဝန်ဝတ္တရား များကို ဖြောင့်မတ် မှန်ကန်စွာဖြင့် ကိုယ်စွမ်းရှိသရွေ့ ဉာဏ်စွမ်းရှိသရွေ့ ထမ်းဆောင်မည် ဖြစ်ကြောင်း လေးနက်တည်ကြည်စွာ ကြေညာ၍ ကတိသစ္စာပြုပါသည်။”

**သဘာပတိ။** ။အားလုံးထိုင်နိုင်ကြပါပြီ။

**သဘာပတိ။** ။ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ပြည်သူ့လွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၁၄ အရ လွှတ်တော်၏ ရှေ့မှောက်တွင် ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့ လက်မှတ်ရေးထိုးတဲ့အစီအစဥ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့အား သဘာပတိ၏ လက်ဝဲဘက်တွင် စီစဥ်ထားသည့် နေရာသို့ တက်ရောက်၍ ကတိသစ္စာပြုလွှာတွင် လက်မှတ်ရေးထိုးပေးပါရန် ပန်ကြား အပ်ပါတယ်။

[ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ် ရေးထိုး ကြပါသည်။]

**အချိန်၊ ၁၄း၁၁။**

**သဘာပတိ**။ ။ယခု ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးအား တာဝန်လွှဲအပ်မှာ ဖြစ်ပါတယ်။ တာဝန်လွှဲအပ်ချိန်မှာ အစည်းအဝေးခန်းမအတွင်းရှိ ပုဂ္ဂိုလ်အားလုံး မတ်တတ်ရပ်ပေးကြဖို့ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးအား တာဝန်လွှဲအပ်မည့် နေရာသို့ ကြွရောက်ပါရန် ပန်ကြားအပ် ပါတယ်။

[သဘာပတိသည် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအား တာဝန်လွှဲအပ်ပါသည်။]

**အခမ်းအနားမှူး**။ ။အားလုံး ထိုင်နိုင်ကြပါပြီ ခင်ဗျား။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကား ပြောကြားခြင်း

**အခမ်းအနားမှူး**။ ။ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဥက္ကဋ္ဌကြီးက နှုတ်ခွန်းဆက်စကား ပြောကြားမှာ ဖြစ်ပါတယ်။ နှုတ်ခွန်းဆက်စကားပြောကြားပေးနိုင်ပါရန် ဥက္ကဋ္ဌကြီးအား လေးစားစွာ ပန်ကြားအပ်ပါတယ်။

[ အစည်းအဝေးကိုကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသူရဦးရွှေမန်းက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၄း၁၃။**

**ဥက္ကဋ္ဌ**။ ။အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပြီး ကိုယ်စိတ်နှစ်ပါး ကျန်းမာရွှင်လန်းကြပါစေ။ မကြာသေးခင်က မြင်တွေ့ရတဲ့ မြင်ကွင်း၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ၊ ဒုတိယဥက္ကဋ္ဌများကို ရွေးချယ်ပေးတဲ့ မြင်ကွင်းဟာ ဒီမိုကရေစီ ကျင့်စဉ်နှင့်အညီ ဝမ်းမြောက်ဖွယ်ရာ တွေ့ရှိရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့တစ်တွေ ရှေ့ဆက်သွားမယ့်ခရီးမှာလည်း ယခုလိုပဲ ရင်းရင်းနှီးနှီး ချစ်ချစ်ခင်ခင် ပွင့်ပွင့်လင်းလင်းနှင့် ဒီမိုကရေစီ ကျင့်စဉ်အတိုင်း ဖော်ဆောင် သွားဖို့ လိုအပ်ပါကြောင်း ကျွန်တော့်အနေနဲ့ ပဏာမပြောကြားလိုပါတယ်။



ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။သမိုင်းမှတ်တမ်းတင်ရမယ့်ခေတ်တစ်ခေတ်ရဲ့ ပထမဦးဆုံး ပြည်သူ့လွှတ်တော် ပထမအကြိမ် ပုံမှန်အစည်းအဝေး စတင်နိုင်ခဲ့ပါပြီ။ ဒီလိုသမိုင်းတင်ရမယ့် အလွန်ကျက်သရေ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံတဲ့ အခါသမယမှာ

ကျွန်တော့်အနေနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာ ကြပါစေကြောင်း၊ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ထို့အတူ ကိုယ်စားလှယ်ကြီးများက ပြည်သူများကိုယ်စား ကျွန်တော့်ကို ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌအဖြစ် ရွေးချယ် တင်မြှောက်ပေးခဲ့ကြတဲ့အတွက် ကိုယ်စားလှယ်ကြီးများနှင့် ပြည်သူအားလုံးကို ကျေးဇူးတင် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း ပြောကြားလိုပါတယ်။

ယခုလို ကိုယ်စားလှယ်တော်ကြီးများက ကျွန်တော့်ကို ယုံကြည်စွာ တာဝန်ပေးမှုအပေါ် အလေးအနက်ခံယူပြီး ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌတာဝန်ကို ကျေပွန်အောင် အကောင်းဆုံး ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ကြောင်း ဒီနေရာက အလေးအနက်ထား ကတိပြုအပ်ပါတယ်။ အားလုံးသော ကိုယ်စားလှယ်ကြီးများကလည်း ကျွန်တော့်နည်းတူ မိမိတို့ရဲ့ တာဝန်များကို ကျေပွန်အောင် အလေးအနက် ခိုင်ခိုင်မာမာ သန္နိဋ္ဌာန်ချထားပြီး ဖြစ်တယ်လို့ ယုံကြည်ပါတယ်။ ဒီလွှတ်တော် ကိုယ်စားလှယ်များထဲကပင် သမ⊞မတ၊ ဒုတိယသမ္မတ၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်ထောင်စုအဖွဲ့အစည်းတွေမှာ ပါဝင်ဆောင်ရွက်ခွင့် ရရှိမှာ ဖြစ်လို့ ကျွန်တော်တို့အားလုံးက ကိုယ်စီ ကိုယ်စီ တာဝန်ကျေပွန်မှု သစ္စာရှိမှုတွေဟာ ပြည်သူများအတွက် ပိုမိုကောင်းမွန်တဲ့ အနာဂတ်ကို ဖော်ဆောင်ပေးနိုင်မယ်လို့ ယုံကြည်ပါကြောင်း ပြောကြားလိုပါတယ်။

ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်တို့ပြည်သူ့လွှတ်တော်ရဲ့ အဓိက ပင်မ တာဝန် ဖြစ်တဲ့ ဥပဒေပြုရေး၊ ရှိပြီး တည်ဆဲဥပဒေများကို ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်ရေးစတဲ့ တာဝန် များကိုလည်း တိုင်းပြည်နှင့်ပြည်သူ့ အကျိုးစီးပွား ဖြစ်ထွန်းအောင်မြင်ရေး အတွက် တစိုက် မတ်မတ် လေ့လာသုံးသပ်ဆောင်ရွက်နေကြရမှာ ဖြစ်ပါတယ်။ ဥပဒေပြုရေးဟာ နိုင်ငံရေး၊ နိုင်ငံတော်လုံခြုံရေး၊ နိုင်ငံတော်ကာကွယ်ရေး၊ စီးပွားရေး၊ ဘဏ္ဍာရေး၊ လူမှုရေး၊ နိုင်ငံတကာ ဆက်ဆံရေးစတဲ့ ကဏ္ဍအားလုံးမှာ အကျုံးဝင်နေသလို အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေး အာဏာများအတွက်လည်းအကျိုးသက်ရောက်မှုများ ရှိနေမှာ ဖြစ်ပါတယ်။ တစ်ဖက်ကလည်း အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေးအာဏာ ကျင့်သုံးမှုများ မတိမ်းစောင်းရလေအောင်



ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပြည်သူ့လွှတ်တော်အတွင်းမှာ လုပ်ထုံးလုပ်နည်းများအတိုင်း လိုက်နာကျင့်သုံးပြီး ထိန်းညှိဖော်ဆောင်ပေးရမှာ ဖြစ်ပါတယ်။

ဒါကြောင့် ကျွန်တော်တို့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအနေနဲ့ အထက်ပါ ဥပဒေပြုရေးအပါအဝင် ကြီးလေးကျယ်ပြန့်တဲ့တာဝန်များကို ထမ်းဆောင်ကြရာမှာ ဝါဒစွဲ၊ ပါတီစွဲ၊ ဂိုဏ်းဂဏစွဲ၊ လူမျိုးစွဲ မထားဘဲ အမျိုးသား အကျိုးစီးပွားကိုသာ ဆောင်ရွက်သွားဖို့ လိုပါတယ်။ မိမိတစ်ဦးချင်း အကျိုးစီးပွား၊ မိမိပါတီရဲ့ အကျိုးစီးပွားထက် တိုင်းပြည်နဲ့ ပြည်သူ့ အကျိုး စီးပွားကို ဦးစားပေး ဖော်ဆောင်သွားရမှာ ဖြစ်ပါတယ်။

ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ နိုင်ငံရေးပါတီများအနေနဲ့လည်း လွှတ်တော် အတွင်း လုပ်ငန်းများ ဆောင်ရွက်တဲ့နေရာမှာ တစ်ပါတီနှင့် တစ်ပါတီ သဘောထား အမြင် ကွဲပြားကောင်း ကွဲပြားနိုင်မှာ ဖြစ်သော်လည်း အမျိုးသား အကျိုးစီးပွားကိုတော့ ဘုံအကျိုး စီးပွားအဖြစ် အလေးအနက်ခံယူပြီး တညီတညွတ်တည်း ပူးပေါင်းဆောင်ရွက် သွားကြဖို့ အကြံပြု တိုက်တွန်းလိုပါတယ်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အပေါင်းတို့ခင်ဗျား။ နောက်ဆုံး ကျွန်တော် တင်ပြလို တာကတော့ ကျွန်တော်တို့ တစ်တွေဟာ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ကြပါတယ်။ ထို့ကြောင့် ပြည်သူများနှင့် နိုင်ငံတော်အပေါ် သစ္စာစောင့်သိပြီး မွန်မြတ်တဲ့စေတနာ၊ စဉ်းစားပြောဆိုမှု၊ ဆောင်ရွက်လုပ်ဆောင်မှုများဖြင့် ရှိနေဖို့ လိုအပ်ပါတယ်။ ဒါကြောင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ ဖြစ်ကြတဲ့ ကျွန်တော်တို့ တစ်တွေဟာ ပြည်သူတွေအပေါ်၊ နိုင်ငံအပေါ် သစ္စာစောင့်သိမှု၊ တာဝန်ကျေပွန်မှုများကို အမှန်တကယ်လက်တွေ့ လုပ်ဆောင်မှုများ၊ ကောင်းကျိုးရလဒ်များဖြင့် သက်သေပြကြရန် လိုအပ်လှပါကြောင်း အသိပေးတင်ပြရင်း နိဂုံးချုပ် အပ်ပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး**။ ။ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ပြည်သူ့ လွှတ်တော် ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌရွေးကောက်တင်မြှောက်ပြီး ဖြစ်ပါသဖြင့် ပြည်ထောင်စု လွှတ်တော် နာယကထံသတင်းပို့မှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အနေဖြင့် အစည်း အဝေးခန်းမအတွင်းမှာ ခေတ္တစောင့်ဆိုင်းကြဖို့ ဖြစ်ပါတယ်။



## ပြည်ထောင်စုလွှတ်တော် အစည်းအဝေးကျင်းပရန်

## ပြည်ထောင်စုလွှတ်တော် နာယက၏ ဖိတ်ကြားချက်ကို ပြောကြားခြင်းနှင့် ပထမနေ့အစည်းအဝေးရပ်နားကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ်ပြည်ထောင်စု လွှတ်တော် ပုံမှန်အစည်းအဝေး ပထမနေ့ကို ဒီကနေ့မွန်းလွဲ(၃)နာရီ အချိန်တွင် ပြည်ထောင်စုလွှတ်တော်ခန်းမမှာ ကျင်းပမှာ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် အားလုံးတက်ရောက်ဖို့ ပြည်ထောင်စုလွှတ်တော် နာယက က ဖိတ်ကြားထားပါတယ်။ ဒါ့ကြောင့် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးကို တက်ရောက်နိုင်ဖို့အတွက် ပထမအကြိမ် ပြည်သူ့လွှတ်တော် ပထမနေ့အစည်းအဝေး ရပ်နားကြောင်း ကြေညာအပ်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၄း၂၈။**

**အခမ်းအနားမှူး။** ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စု လွှတ်တော်အစည်းအဝေး တက်ရောက်တဲ့အခါ ပြည်သူ့လွှတ်တော်မှာ ထုတ်ယူထားတဲ့ ( **Voting Card** ) ကို ပြည်ထောင်စု လွှတ်တော်အစည်းအဝေးသို့ ယူဆောင်သွားပါရန်နှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် စိစစ်ရေးလက်မှတ်ကို ပြည်ထောင်စုလွှတ်တော် ပထမနေ့ အစည်းအဝေး ရပ်နားသည့်အခါ ပြည်ထောင်စုလွှတ်တော်အစည်းအဝေး တက်ရောက်ကြောင်း လက်မှတ်ရေးထိုးသည့် နေရာမှာ လဲလှယ်သွားပါရန် တင်ပြအပ်ပါတယ်။ ယခု ပြည်သူ့ လွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါမယ် ခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် ပထမနေ့ အစည်းအဝေးကို ၁၄း၃၀နာရီအချိန်တွင် ရပ်နားပါသည်။]